
၂၀၂၁ ခုနှစ် ဒီဇင်ဘာလ - ၂၀၂၂ ခုနှစ် ဇန်နဝါရီလ

# ရှမ်းပြည်အတွင်း လက်နက်ကိုင်ပဋိပက္ခ၏ သက်ရောက်မှုများ

ရှမ်းပြည်မြောက်ပိုင်း နှင့် တောင်ပိုင်းတွင် စစ်ကောင်စီတပ်ဖွဲ့များနှင့် တိုင်းရင်းသား လက်နက်ကိုင်များအကြား တိုက်ပွဲများ၊ စစ်ကောင်စီ၏ တပ်ဖွဲ့များနှင့် ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့(PDF)များအကြား တိုက်ပွဲများနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း အချင်းချင်းကြား တိုက်ပွဲများ ဆက်လက် ဖြစ်ပွားနေသည်။ တိုက်ပွဲများသည် ရှမ်းပြည်မြောက်ပိုင်း ကျောက်မဲ၊ သီပေါ၊ လားရှိုး၊ သိန္နီ၊ တန့်ယန်း၊ ကွတ်ခိုင်၊ နမ့်ခမ်း နှင့်မူဆယ် မြို့နယ်များအတွင်း ဖြစ်ပွားပြီး ရှမ်းပြည်တောင်ပိုင်း ကျေးသီး၊ မိုင်းကိုင်၊ လဲချားနှင့် ဖယ်ခုံမြို့နယ်များတွင် ဖြစ်ပွားခဲ့သည်။




တိုက်ပွဲအရှိန် မြင့်လာသည်နှင့်အမျှ လက်နက်ကိုင် အဖွဲ့အစည်းများသည် သူတို့၏ နယ်မြေ အတွင်းရှိ ပြည်သူလူထုထံမှ အခွန်တိုးမြှင့်ကောက်ယူခြင်း၊ စစ်သားသစ် အတင်းအဓမ္မ စုဆောင်းခြင်းများ ပြုလုပ်ခဲ့သည်။ ၎င်းစစ်သားစုဆောင်းရာတွင် အိမ်ထောင်စု စားရင်းအရ အမျိုးသားများ စစ်မှုထမ်းရန်အတွက် လက်နက်ကိုင် အဖွဲ့သားများက ညအချိန်တွင် ရွာတွင်းဝင်လာပြီး အမျိုးသားများကို အတင်းအဓမ္မ ခေါ်ဆောင်သွားခဲ့သည်။ အချို့လူငယ် အမျိုးသားများနှင့် ရွာသားများသည် ကြောက်လန့်ကာ အခြားနေရာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး အချို့ရွာများတွင် သက်ကြီးအရွယ် အမျိုးသမီးများနှင့် ကလေးများသာ ကျန်ခဲ့ပါသည်။

ထွက်ပြေး တိမ်းရှောင်နေစဉ် အိမ်မှာကျန်ရှိနေသည့် မိဘများကို ဖမ်းဆီးခေါ်ဆောင်သွားပြီး သူတို့၏ သားသမီးဖြစ်သူမှ (၇) ရက်အတွင်း လာရွေးထုတ်ရန် သို့မဟုတ် လူအစားထိုးရန် အကြပ်ကိုင်သော လုပ်ရပ်များရှိခဲ့သည်။ ထွက်ပြေးသူ အများစုမှာ ထိုင်းနယ်စပ်ဖက်ကို ထွက်ပြေးလာကာ အချို့မှာ မြေယာ၊ ကျွဲ၊ နွားတို့ကို ရောင်းချခဲ့ပြီး ခရီးစားရိတ်နှင့် ထိုင်းနိုင်ငံတွင်ခိုလှုံရန် နယ်စပ်ဖြတ်ကျော်ရန်အတွက် ပေးခဲ့ရကြောင်း၊ ထိုင်းနယ်စပ်မှ တရားမဝင် ဝင်ရောက် လာစဉ် အဖမ်းခံရသူများက ဝမ်းနည်းစွာ ပြောပြခဲ့ပါသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ရှမ်းပြည်နယ် မိုင်းကိုင်၊ မိုင်းရှူး၊ ကျိုင်းတောင်း၊ လဲချား၊ ပင်လုံ၊ တောင်ကြီး၊ ဖယ်ခုံနှင့် ကယားပြည်နယ် လွိုင်ကော်တို့မှ ထွက်ပြေးလာပြီး ချင်းမိုင်ခရိုင်တွင်းရှိ ထိုင်းနယ်စပ် ဖန်မြို့နယ်သို့ဝင်လာသူ စုစုပေါင်း ၂၂၇ ဦး ဖမ်းဆီးခံခဲ့ရပါသည်။ ၎င်းတို့အနက် ၁၀၃ ဦးမှာ အမျိုးသမီးများဖြစ်သည်။

မိုင်းကိုင်ဒေသမှ စစ်ဘေးရှောင်ထွက်ပြေးလာပြီး နယ်စပ်ဖြတ်ကျော်ရာတွင် ဖမ်းဆီးခံ ထားရသူ အမျိုးသား တစ်ဦး၏ ပြောကြားချက်အရ အိမ်စောင့်မည့်သူ မရှိပါက အိမ်မီးရှို့ခံရမည်ဖြစ်ကြောင်း ရွာထဲတွင်ပြောနေကြ၍ အဖိုးနှင့်အဖွားကို ချန်ထား ခဲ့ရကြောင်း ထွက်ပြေးလာရသည့် အခြေအနေကို ရှင်းပြခဲ့ပါသည်။ ချင်းမိုင်ခရိုင် တွင်းရှိ ထိုင်းနယ်စပ် ဖန်မြို့နယ်သို့ ထွက်ပြေးတိမ်းရှောင်လာသူ အများစုမှာ စစ်ဘေးရှောင် သူများ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ စစ်သားစုဆောင်းမှုကြောင့် ရှောင်တိမ်းလာသူများနှင့် CDMတွင် ပါဝင်သူများလည်း ရှိသည်။ ထွက်ပြေးလာသူ အများစုမှာ ရှမ်းတိုင်းရင်းသားများ ဖြစ်ပြီး ကရင်နီ၊ ပအိုဝ်း၊ တအာင်း နှင့်အင်းသားများ ပါဝင်သည်။

ထို့အပြင် မိုင်းကိုင်မှထွက်ပြေးလာသော အမျိုးသမီးငယ်အချို့၏ ပြောပြချက်အရ မိုင်းကိုင်မြို့နယ်တွင် ဝ တပ်သားများ တိုးများလာကာ အမျိုးသမီးငယ်များကို အတင်းအဓမ္မ လက်ထပ်ယူမှုများရှိပြီး လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ မုဒိမ်းမှုများ ရှိခဲ့ကြောင်းလည်း ကြားသိခဲ့ရသည်ဟု ပြောပြခဲ့ပါသည်။ ထို့ကြောင့် မိဘများက အမျိုးသမီးငယ်များ အိမ်မှာမလုံခြုံတော့သည့်အတွက် ထိုင်းနိုင်ငံတွင် အလုပ်သွားလုပ် ပါက ဘဝလုံခြုံရေး ပိုရှိနိုင်မည်ဟုယူဆကြောင်း၊ ထိုင်းနိုင်ငံသို့ ခေါ်ဆောင်လာရန် ပွဲစားခ ဘတ် ၂၅၀၀၀ – ၂၇၀၀၀ (လက်ရှိ ကာလပေါက်စျေး မြန်မာကျပ်ငွေ ၁၃သိန်း နှင့် ၁၅ သိန်း ကြား) ပေးဆောင်ခဲ့ရကြောင်း ပြောပြပါသည်။

ချင်းမိုင်ခရိုင် ဖန်မြို့နယ်တွင် ဖမ်းဆီးခံရသူ အယောက် ၂၀၀ ကျော်သည် အချုပ်ခန်းတစ်ခန်းစီတွင် အယောက် ၂၀ ကျော် အချုပ်ခံကြရကာ အချို့မှာ နေမကောင်းဖြစ်ကြသည်။ ကိုးဗစ်ရောဂါ ရှိမရှိ စစ်ဆေးပြီး ကိုးဗစ်ရောဂါ ဖြစ်သူကို ဆေးကုသရန် ရပ်ရွာကျန်းမာရေးဌာနမှ ခေါ်ဆောင်သွားခဲ့သည်။ အသက် ၁၈ အောက် ကလေးများကို လည်း မိဘနှင့် ခွဲထားပြီး ကလေးသူငယ် ထိန်းသိမ်းရေးစင်တာသို့ ပို့ခဲ့ကြသည်။

# စစ်ဘေးရှောင်အမျိုးသမီးများ၏အခြေအနေ

ဒီဇင်ဘာလ ၂၀၂၁ ခုနှစ်မှ ဇန်နဝါရီ ၂၀၂၂ အတွင်း ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားလက်နက်ကိုင် အချင်းချင်း ကြား တိုက်ပွဲများနှင့် စစ်ကောင်စီ၏ တပ်ဖွဲ့များ နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF)များအကြား တိုက်ပွဲများ ကြောင့် စစ်ဘေးရှောင် စုစုပေါင်း ၇၀၀၀ နီးပါး ရှိခဲ့ရာတွင် ထက်ဝက်ကျော်မှာ အမျိုးသမီးများဖြစ်ပြီး အသက် (၁၈) နှစ်အောက် ကလေး အယောက် ၂၀၀ နီးပါးရှိသည်။ ထိုစစ်ဘေးရှောင်များသည် ရှမ်းပြည်မြောက်ပိုင်း ကျောက်မဲမြို့၊ သီပေါမြို့ နှင့် ရှမ်းပြည်တောင်ပိုင်း တောင်ကြီး၊ ညောင်ရွှေ၊ မိုင်းကိုင်နှင့် လဲချားမြို့များသို့ လာရောက်တိမ်းရှောင်နေကြသည်။

ထို့အပြင် ရှမ်းပြည်တောင်ပိုင်း ဖယ်ခုံမြို့နယ်တွင် စစ်ကောင်စီတပ် နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) တပ်များအကြား တိုက်ပွဲဖြစ်ပွားမှုကြောင့် စစ်ဘေးရှောင် ၇၆၅ ဦး ရှိသည့်အနက် အမျိုးသမီး ၄၅၇ ဦးနှင့် အမျိုးသား ၃၀၈ ဦးတို့ ပါဝင်သည်။

စစ်ဘေးရှောင်များထဲမှ ကိုယ်ဝန်ဆောင်အမျိုးသမီး၊ မီးဖွားပြီးခါစမိခင်နှင့် ကလေး များသည် အာဟာရရှိသော အစားအစာပြတ်လပ်မှု၊ နေရာထိုင်ခင်းလိုအပ်မှု စသည့် အခက်အခဲများနှင့် ရင်ဆိုင်နေကြရသည်။ အထူးသဖြင့် ယခုအချိန်တွင် ရှမ်းပြည်နယ်၏ ဆောင်းရာသီ အအေးဒဏ်ကို အံတုနေကြရပြီး စောင်များ၊ အနွေးထည်များ မလုံလောက်ကြောင်းလည်း နယ်မြေတွင် ကူညီထောက်ပံ့ပေးနေသူများမှ သတင်းပို့ခဲ့ပါသည်။ ထိုသို့ ပြေးရှောင်လာချိန်တွင် မီးဖွားပြီးခါစမိခင်များ၊ လမ်းတွင် မွေးဖွားခဲ့ရသည့် မိခင်များ၏ စိတ်ပိုင်းဆိုင်ရာ နှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်မာရေးမှာ စိုးရိမ်ရသည့် အခြေအနေရှိခဲ့သည်။

ဇန်နဝါရီလ၌ ရှမ်းပြည်တောင်ပိုင်း လဲချားမြို့ရှိ စစ်ရှောင်စခန်းတွင် ရောက်ရှိနေသည့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ မွေးဖွားရန်အတွက် မွေးဖွားပေးမည့် သူနာပြုများ မရှိခဲ့ပေ။ ထို့အပြင် မွေးကင်းစ ကလေးငယ် (၆)လအောက် အယောက် ၂၀ ကျော် ရှိခဲ့ပြီး အဟာရမှုန့်များလိုအပ်ခဲ့သည်။

ရှမ်းပြည်တောင်ပိုင်း မိုင်းကိုင်မြို့နယ် ဟမ်းငိုင်းကျေးရွာအုပ်စုမှ စစ်ဘေးရှောင် ကိုယ်ဝန် ဆောင်အမျိုးသမီးတစ်ဦး၏ ပြောကြားချက်အရ သူမဟာ မီးဖွားခါနီး ကိုယ်ဝန်ရင့်နေပြီ ဖြစ်သော်လည်း အထုပ်အပိုးတွေထမ်းကာ တောတောင်ထဲ (၆) ရက်နီးပါး လမ်းလျှောက် ခဲ့ရသည်။ သေနတ်သံ၊ ဗုံးခွဲသံကြားရပြီး ကြောက်စိတ်နှင့်အတူ ထွက်ပြေးလာ ခဲ့ရကြောင်းနှင့် တိုက်ပွဲများကို တိမ်းရှောင်ရင်း ရွာတစ်ရွာက အိမ်တစ်အိမ်တွင် ကလေးလေးကို ခက်ခက်ခဲခဲနှင့် အောင်မြင်စွာမွေးဖွားခဲ့ရသော်လည်း ကလေး၏ ကျန်းမာရေးမှာ စိုးရိမ်ရကြောင်း ပြောကြားခဲ့သည်။ ကလေးကိုမွေးဖွားပြီးခါစ စစ်ဘေးရှောင်စခန်းသို့ ရောက်ဖို့ ခရီးဆက်ရပြန်သည်။ စစ်ဘေးရှောင်စခန်းတွင် တဲဆောက်ပြီးနေခဲ့ရပါသည်။ ထို့အပြင် မိုးရွာသည့်အခါ မိုးမမိအောင် မိုးမယိုသည့်နေရာတွင် မိုးခိုရကြောင်း၊ စစ်ဘေးရှောင် ကိုယ်ဝန်ဆောင်အမျိုးသမီးဘဝနှင့် ကလေးမွေးပြီးခါစ သူမရင်ဆိုင်ခဲ့ရသော အခက်အခဲများကို ဖွင့်ဟပြောဆိုပြပါသည်။

# အမျိုးသမီးများအကြမ်းဖက်ခံရမှုနှင့် တရားမျှတမှု ယန္တရား ယိုယွင်းပျက်စီးနေခြင်း

အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများသည် စစ်တပ်အာဏာသိမ်းပြီး နောက်ပိုင်း ပိုမို များပြားလာခဲ့သည်။ အာဏာသိမ်းမှုကြောင့် တရားဥပဒေစိုးမိုးမှု မရှိသည့်အတွက် ကျူးလွန်မှု ပိုမိုများပြားလာပြီး တရားမျှတမှုရရှိရန် အလွန်ခက်ခဲနေပါသည်။ ဇန်နဝါရီလအတွင်း ရှမ်းပြည်တောင်ပိုင်းနှင့် မြောက်ပိုင်းကြား မိမိတို့ လက်လှမ်းမှီသော နေရာများတွင် ကျား-မ အခြေပြု အကြမ်းဖက်မှုနှင့်ပတ်သက်၍ အချက်အလက်များ ကောက်ယူစုဆောင်းရာတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှာ ပိုမိုတိုးများလာပြီး အသက် ၁၈ နှစ်အောက် ၄ ယောက် ပါဝင်သည်။ အမျိုးသမီးနှင့် အမျိုးသမီးငယ်များ အပေါ် လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုများမှာ အရပ်သားမှ ကျူးလွန်မှု၊ အမျိုးတော်စပ်သူမှ ကျူးလွန်မှု၊ ချစ်သူရည်းစားမှ ကျူးလွန်မှု နှင့် လက်နက်ကိုင် အဖွဲ့အစည်းများ၏ အဖွဲ့သားများမှ ကျူးလွန်မှုများ ဖြစ်သည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ရှမ်းပြည်မြောက်ပိုင်းတွင် ဆယ်ကျော်သက်ရွယ်ရှိ အမျိုးသမီးငယ် တစ်ဦးကို အမျိုးသမီးငယ်၏ မိသားစုဝင်များ နေအိမ်တွင် ရှိမနေချိန် လက်နက်ကိုင် တပ်သားတစ်ဦးမှ အိမ်တွင်းဝင်ရောက်ကာ မုဒိမ်းမှုကျူးလွန်ခဲ့ကြောင်းကြားသိရသည်။ ဤကဲ့သို့သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ဖြစ်ခဲ့ကြောင်း ကြားသိရသော်လည်း ကြောက်ရွံ့ခြင်း၊ မိမိတို့၏ လုံခြုံရေးအတွက် စိုးရိမ်ခြင်းတို့ကြောင့် ပြည်သူများ အနေဖြင့် မပြောဆိုရဲကြပါ။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည်လည်း ဒေသတွင်း ရှိနေသောကြောင့် မီဒီယာနှင့် ပြင်ပသို့ ထုတ်ဖော်ပြောဆိုရန် မဝံ့ရဲကြပါ။

ထို့အပြင် ရှမ်းပြည်မြောက်ပိုင်း မိုင်းရယ်မြို့နယ်တွင် အမျိုးသမီးတဦးကို မိုင်းဟပြည်သူစစ် တပ်သားမှ ရည်းစားစကားပြောရာ လက်မခံသဖြင့် ၄င်းတပ်သားမှ ထိုအမျိုးသမီးကို သေနတ်ဖြင့် ပစ်ခတ်မှုများရှိခဲ့သည်။ ၄င်းအဖြစ်အပျက်ကို အရေးယူဆောင်ရွက်မှုများ၊ တာဝန်ယူမှု တာဝန်ခံမှု ပွင့်လင်းမြင်သာမှုများ မရှိခဲ့ပေ။

တချိန်တည်းတွင် အမျိုးသမီးများသည် နိုင်ငံရေးအခြေအနေကြား စစ်ပဋိပက္ခတွေကြား အိမ်တွင်းအကြမ်းဖက်မှုများ၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ရင်ဆိုင်ကြုံတွေ့ နေကြရသည်။ ဇန်နဝါရီလတွင် အသက် ၁၆နှစ်အရွယ်ရှိ မိန်းကလေးကို အသက် ၂၂နှစ်အရွယ်ရှိ အမျိုးသားက မုဒိမ်းကျင့်ရန်အတင်းအဓမ္မလုပ်နေစဉ် မိဘက လာတွေ့သွား ပြီး ဓလေ့ထုံးတမ်းအရ ရွာလူကြီးများနှင့် မိဘများက မိန်းကလေးကို သူမအား မုဒိမ်းကျင့်ရန် ကြံစည်သော ထိုအမျိုးသားနှင့် သူမ အလိုမတူဘဲ အဓမ္မလက်ထပ်ခိုင်းစေသည်။

ထို့အပြင် ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ရှမ်းပြည်တောင်ပိုင်းရှိ ညောင်ရွှေမြို့နယ်တွင်း အသက် ၂၁ နှစ်ရှိသူ အမျိုးသမီးတစ်ဦးကို သူမ၏ရည်းစားဖြစ်သူမှ ချိန်းတွေ့ပြီး သူမနှင့် အတူတူနေချင်ကြောင်း၊ လိင်ဆက်ဆံချင်ကြောင်း တောင်းဆိုမှုပြု၍ သူမက ငြင်းဆိုခဲ့သော်လည်း ရည်းစားဖြစ်သူ ထိုအမျိုးသားက အတင်းအဓမ္မ ပြုကျင့်ရန်ကြံစည် ခဲ့သည်။ ထိုအချိန်တွင် ရည်းစားဖြစ်သူ အမျိုးသား၏ သူငယ်ချင်း ၂ ယောက် ရောက်လာပြီး သူမကို မုဒိမ်းကျင့်ခဲ့ကြသည်။ ထိုရှင်သန်လွတ်မြောက်လာသူ အမျိုးသမီးမှာ ကြောက်လွန်း၍ အသက်ရှူမမှန် မောဟိုက်လာကာ သတိမေ့မတတ်ဖြစ်ပြီး သူမ သတိမမေ့ခင် ဖုန်းဖြင့် အိမ်သို့ ဆက်သွယ်နိုင်ခဲ့သည်။ သူမကို ည ၁၁ နာရီမှ ရှာဖွေတွေ့ရှိခဲ့သည်။ ထိုရှင်သန်လွတ်မြောက်လာသူမှာ ယခုအချိန်အထိ ကျန်းမာရေး စစ်ဆေးမှု နှင့် ဆေးကုသမှု ကို ခံယူနေရဆဲဖြစ်သည်။

# အကြံပြုချက်

ရှမ်းပြည်အတွင်း စစ်အစိုးရအဆက်ဆက်၏ တပ်ဖွဲ့များနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အကြား စစ်ပဋိပက္ခတိုက်ပွဲများ ဖြစ်ပွားခဲ့သည်မှာ ဆယ်စုနှစ်များစွာ ကြာခဲ့ပြီး၊ ယနေ့တွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း အချင်းချင်းကြား တိုက်ပွဲများသည် တစ်နေ့ထက်တနေ့ ပိုမို ပြင်းထန်လာနေသည်။ ထိုတိုက်ပွဲများ၏ ရလဒ်မှာ ရှမ်းပြည်တွင်း နေထိုင်ကြသော ပြည်သူများ ဒုက္ခဆင်းရဲမှု အမျိုးမျိုးကို ရင်ဆိုင်နေကြရခြင်းသည်။ ထို့ကြောင့် အချင်းချင်းတိုက်နေကြသည့် တိုက်ပွဲများကို ရပ်တန့်ပြီး မိမိတို့၏ နဂိုရည်မှန်းချက်များဖြစ်သည့် တိုင်းရင်းသားတန်းတူညီမျှမှုရရှိရေး ကိုယ့်ကံကြမ္မာကိုယ် ဖန်းတီးနိုင်ရေးအတွက် ငြိမ်းချမ်းသည့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ပြီး၊ ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်ကာ အချင်းချင်း ညှိနိုင်း အဖြေရှာသည့် နည်းလမ်းကို ရွေးသင့်ကြောင်း မိမိတို့ ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေး အသင်းမှ လေးနက်စွာ တိုက်တွန်း နှိုးဆော် အပ်ပါသည်။

စစ်အစိုးရအဆက်ဆက်၏ တပ်ဖွဲ့ဝင်များသည် တိုင်းရင်းသားနယ်မြေများတွင် လူ့အခွင့်အရေး ချိုးဖောက်မှု အမျိုးမျိုး ကျူးလွန်ခဲ့ကြသည်မှာ ရာစုနှစ်ထက်ဝက်ကျော် ရှိခဲ့ပြီး ယခုအချိန်တွင် နိုင်ငံတစ်ဝန်းရှိ ပြည်သူများ အပေါ် ကမ်းကုန်အောင် ရက်စက်နေကြဆဲ ဖြစ်သည်။ တရားမျှတမှုအတွက် တိုက်ပွဲဝင်နေကြသည် ဆိုသော အဖွဲ့ အစည်းများ အနေဖြင့် စစ်အစိုးရအဆက်ဆက်၏ တပ်ဖွဲ့များကဲ့သို့ ရာဇဝတ်မှုကျူးလွန်သူများကို ပြစ်ဒဏ်မှ ကင်းလွတ်ခွင့် မပေးထားသင့်ပေ။ မိမိနယ်မြေတွင်း ဖြစ်ပွားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် အမှု ကျူးလွန်သူများကို ထိရောက်စွာ အရေးယူဆောင်ရွက်ပေးရန်နှင့် ထိုသို့ ထပ်မံ မဖြစ်ပွားစေရေးအတွက် အလေးထား စီမံ ဆောင်ရွက်ရန် မိမိတို့ ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်းမှ ရှမ်းပြည်တွင်းရှိ လက်နက်ကိုင် အဖွဲ့အစည်းများအားလုံးကို အသိပေး နှိုးဆော် အပ်ပါသည်။

ယခုအခြေအနေတွင် စစ်ဘေးရှောင်နေကြရသော ပြည်သူများအတွက် လုံခြုံရေးနှင့် လူသားချင်းစာနာ ထောက်ထားမှု အကူအညီများရရှိရေး သေချာစေရန် သက်ဆိုင်ရာ အဖွဲ့အစည်းများဖြစ်ကြသည့် လက်နက်ကိုင် အဖွဲ့အစည်းများ၊ လူသားချင်းစာနာ ထောက်ထားမှု အကူအညီပေးသော အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့ အစည်းများ ကို လေးနက်စွာ တောင်းဆိုအပ်ပါသည်။

---

## Contact info:


Kenneri@shanwomen.org

@Shanwomen

www.shanwomen.org